ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

# အကြမ်းဖက်စနစ်ကျင့်သုံးသည့် နအဖအား ပြင်းထန်စွာ သတိပေးခြင်း

ဇန်နဝါရီလ ၂၇ရက်နေ့ နံနက်(၈း၃၀)တွင် အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(NDAA-ESS)မိုင်းလားအဖွဲ့ အထွေထွေအတွင်းရေးမှူးအား ရက်စက်စွာ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုဖြစ်ပွားသွားခဲ့ပါသည်။ ဤလုပ်ရပ်သည် KNU၏ အတွင်းရေးမှူးချုပ် ပဒိုမန်းရှာလဖန်းအား လုပ်ကြံမှုပြီးနောက် ဒုတိယအကြိမ်မြောက် လုပ်ကြံခံရသည့် ခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။

နအဖစစ်အုပ်စုသည် စစ်အာဏာရှင်စနစ်တည်တံ့ခိုင်မာရေးအတွက် အဓမ္မဖိအားသုံး၍ အခြေခံဥပဒေရေးဆိုင်းခြင်း၊ မဲထည့်ခိုင်းခြင်း။ ရွေးကောက်ပွဲအား အများသဘောမပါဘဲ ပြုလုပ်ရန် ကြိုးပမ်းရုံသာမက မိမိနှင့်သဘောထား ကွဲလွဲသူများ၊ လူထု–အဖွဲ့အစည်းများမှ ယုံကြည်အားထားသူများအား အကြမ်းဖက်သတ်ဖြတ်လုပ်ကြံခြင်းဖြင့် တိုင်းပြည်ကို ဖြိုခွဲနေသည်။

နအဖစစ်အုပ်စုသည် ၎င်းတို့၏လမ်းပြမြေပုံအားသဘောမတူသည့် နိုင်ငံရေးခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်များအား ပုဂ္ဂလိက စီးပွားရေးဖြင့်သွေးဆောင်သည်။ သွေးဆောင်၍မရပါက အဖွဲ့အစည်းအတွင်း ထိုးဖောက်ဝင်ရောက်၍ အဖွဲ့အစည်းအား ထိုးခွဲဖျက်ဆီးသည်။ အဖွဲ့အစည်းအားထိုးခွဲ၍မရပါက ယခုကဲ့သို့ ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်သည်။ နောက်ဆက်တွဲအားဖြင့် လက်နက်အားကိုး၍ တိုက်ခိုက်သည်များကို အစဉ်တစိုက်ပြုလုပ်လာခဲ့သည်။

စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံရေးခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် အမိန့်ပေးစေခိုင်းနေမှုများအား ပြုလုပ်နေသဖြင့် နိုင်ငံရေးခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်များအနေ ဖြင့် မိမိတို့အသက်အန္တရာယ်အား မထိခိုက်စေရန် အထူးသတိရှိကြပါရန်ကိုလည်း အလေးအနက် အသိပေးလိုက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ တိုင်းရင်းသားခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် ဗိုလ်ချုပ်သိန်းစိန်နှင့် ဗိုလ်ချုပ်ရဲမြင့်တို့အား တာဝန်ပေး၊ ညွှန်ကြားချက်များသည် မှတ်တမ်းအဖြစ်ရှိနေသည်။ ထိုပြစ်မှုများအတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် ပါဝင်တာဝန်ယူလုပ်ဆောင်သူများသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICC)၌ ရင်ဆိုင်ရမည်ဖြစ်သည်။ ယခုကဲ့သို့ လုပ်ကြံသတ်ဖြတ်ခြင်းများအား ရပ်တန့်ကရပ်ရန် ပြင်းထန်စွာ သတိပေးလိုက်သည်။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့် နအဖ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အဓမ္မလုပ်အားပေးစေခိုင်းခြင်းများ၊ ငယ်ရွယ်သော ကလေးသူငယ်များအား စစ်သားအဖြစ် အဓမ္မစုဆောင်းခြင်းများ၊ အာဏာအလွဲသုံးစားပြုလုပ်၍ ပြည်သူလူထုအပေါ်အမျိုးမျိုးဖိနှိပ်မှုများအပါအဝင် ယခုကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒီမိုကရေစီနိုင်ငံရေးခေါင်းဆောင်များအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရန် စီစဉ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းတို့ကို အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုအရေးယူနိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေပြီဖြစ်ကြောင်း တင်ပြရင်း လုံးဝတာဝန်ရှိသူ နအဖ အား အလေးအနက် သတိပေးလိုက်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)**

၂၀၁၀ ခုနှစ် ဇန်နဝါရီလ(၂၉)ရက်။

ဆက်သွယ်ရန် – ဖုန်း ၀၈၆၀၉၀၅၆၇၂